## မာတိကာ

၁။ ဒုက္ခဆင်းရဲ ဖြစ်လာရရေအကြောင်းနန့်အကျိုး ( ကမ္ဘာဦးကျမ်း ၁ ၊ ၂ ၊ ၃ )

၂။ အနန္တမေတ္တာသျှင် ကိုယ်တော်ယေရှုကို မွီးဖွားတော်မူခြင်း ( မဿဲ ၁ ၊ လုကာ ၂ )

၃။ ကိုယ်တော်ယေရှုက ကရုဏာတရားအကြောင်းကို သွင်သန်ခြင်း ( လုကာ ၁၀:၂၅ - ၃၇ )

၄။ နောင်တသံဝေဂရနီရေ ဒုစရိုက်သမားတစ်ယောက်ကို ဘုရားသျှင်ကယ်တင်တော်မူခြင်း (လုကာ ၁၉း၁-၁၀ )

၅။ ကိုယ်တော်ယေရှု မကောင်းဆိုးဝါးကို အောင်နိုင်ခြင်း ( မာကု ၅း၁-၂၀၊ လုကာ ၈း၂၆-၃၉၊ မဿဲ ၈း၂၈-၃၄ )

၆။ ကိုယ်တော်ယေရှု လူပေါင်း၅၀၀၀ကို ကျွေးမွေးတော်မူခြင်း ( ယောဟန် ၆း၁-၁၅ )

၇။ ကိုယ်တော်ယေရှုကို လက်ဝါးကပ်တိုင်ထက်မာတင်လို့သတ်ခြင်း ( လုကာ ၂၃း၁-၅၆ )

၈။ ကိုယ်တော်ယေရှု သီစွာကနီ အသက်ပြန်ရင်လာခြင်း ( လုကာ ၂၄း၁-၈ )

၉။ ကိုယ်တော်ယေရှု နိဗ္ဗာန်ရှီမြို့တော်ကို ပြန်ကြွခြင်း၊ လူမျိုးတိုင်းဘားကိုလားဗျာလ် တပည့်တော်တိ မွီးထုတ်ဖို့ သင်ပြခြင်း ( မဿဲ ၂၈း၁၆-၂၀ ၊တမန်တော် ၁း၁၁ )

၁၀။ နိဗ္ဗာန်ရှီမြို့တော်၏အသျှင်သခင်ယေရှု ( ဗျာဒိတ်တော်ကျမ်း ၂၁း၉-၂၂း၂ )



1

## ၁။ ဒုက္ခဆင်းရဲ ဖြစ်လာရရေ အကြောင်းနန့်အကျိုး ( ကမ္ဘာဦးကျမ်း ၁ ၊ ၂ ၊ ၃ )

ဘုရားသျှင်က စကြဝဠာနန့်ကမ္ဘာကြီးကို ငါးရက်အတွင်းမာ ဖန်ဆင်းခပြီးကေ မြီမှုန့်တိနန့်လည်း ကမ္ဘာမာဟိရေ သက်ဟိတိကို ဖန်ဆင်းခပါရေ။ ခြောက်ရက်မြောက်တေနိန့်မာ ဘုရားသျှင်က ပထမဆုံးလူယောက်ကျားကို အာဒံလို့ခေါ်ဗျာလ် ပထမဆုံး လူမမ့ကို ဧဝလို့ခေါ်စီခပါရေ။ ယေပြီးကေ ပထမဆုံး သမက်တက်မင်္ဂလာကို ဖန်တီးခပါရေ။ ဘုရားသျှင်က ဒေင်ဥယျာဉ်ထဲမာ အာဒံနန့်ဧဝ လင်မယားကို ကမ္ဘာမြီထက်မာ လူသားမျိုးနွယ်တိ ပြန့်ပွားစီဖို့အတွက် ဗျာဒိတ်ပီးခပါရေ။ ဘုရားသျှင်က ယင်းဥယျာဉ်အထဲမာ အာဒံနန့် ဧဝအတွက် အသီးအနှံတိများရေ အသက်အပင်၊ ဉာဏ်ပညာအပင်တိပါ အပင်အများကြီးဟိခပါရေ။ လူယောက်ကျားက သတ္တဝါတိကို သတ်စားပနာ အသက်ရှင်နီထိုင်ဖို့ မလို့လားခပါ။ အာဒံနန့်ဧဝက တစ်ခြားသတ္တဝါတိပိုင် အရှက်တရားတိကို နားမလည်သိရေအတွက် အဝတ် ဝတ်ဖို့လည်းမလိုသိပါ။ ညခင်းအချိန်ကိုရောက်ရေအခါတိုင်း ဖန်ဆင်းသျှင်ဘုရားက အာဒံ၊ ဧဝရို့နန့်တတူ မိတ်ဆွီတိပိုင် စကားပြောပနာ လမ်းလျှောက်လိဟိပါရေ။ မြွီက တိရစ္ဆာန်တိထဲမာ အကင်းပါးရေ သတ္တဝါဖြစ်ကေလည်း ဒေမြွီက မကောင်းရေနတ်ဆိုး၏မြွီအဆိုးမျိုး ဖြစ်ပါရေ။ တစ်နိန့်မာ ယင်းမြွီဆိုးက ဧဝကို “ဘုရားသျှင်က ဒေဥယျာဉ်မာဟိရေ အပင်တိုင်းကအသီးတိကို မစားရလို့ ပြောထားစွာ ဟုတ်ယင့်လား”လို့ မိန်းလိုက်တေ။ ယေခါ ဧဝက “ငါရို့ရေ ဉာဏ်ပညာအပင်က အသီးမဟုတ်ဘဲ ကျန်ရေအပင်က အသီးအားလုံးကို စားလို့ရရေ။ ဘုရားသျှင်က ယင်းအပင်ကအသီးကို ကိုင်ဖို့မပြောကေ့ စားလိုက်ကေ ငါရို့ သီရလိမ့်မေ”လို့ ပြန်လို့ ပြောလိုက်ပါရေ။ ယေနန့် မြွီဆိုးက “မင်းရို့တိ သီရဖို့ဆိုစွာရေမဟုတ်ပါ။ ဘုရားသျှင်က မင်းရို့ ယင်းအသီးကို စားလိုက်ကေ ဘုရားသျှင်ပိုင် အသိဉာဏ်ပညာတိ ဟိလားဖို့စွာကို သိလို့ ဟန့်ထားစွာဖြစ်တေ”လို့ ပြန်လို့ပြောလိုက်ပါရေ။ လူမမ့ကလည်း လျှာရည်ကျလောက်အောင်စားကောင်းဖို့ပုံ ပေါ်နီရေအသီးကို ကြည့်ပြီးကေ “ဒေအသီးကို စားလိုက်ရကေ ဒေအသီးက ငါ့ကို အသိဉာဏ်တိ ရဟိစီဖို့”လို့ သူ စိတ်ကူးလိုက်တေ။ ယေတွက်နန့် သူမက ယင်းအသီးကို ဆွတ်လို့စားပြီးကေ အာဒံကိုလည်း ကျွေးလိုက်တေ။ အာဒံကလည်း စားလိုက်ပါရေ။ ဖြုန်းကနဲ သူရို့မာ အဝတ်တိ မဝတ်ထားစွာကို သိဟိခံစားလိုက်ရပါရေ။ သူရို့က အရှက်တရားကို ဖုံးဖို့အတွက် ချက်ချင်းလက်ငြင်း သစ်ရွက်တိနန့်ဖုံးလိုက် ကတ်ပါရေ။ ညခင်းအချိန်ကို ရောက်လာရေအခါ သူရို့က ဘုရားသျှင်ကြွလာရေ အသံကိုကြားခကတ်ပါရေ။ ဖြုန်းကနဲ သူရို့တိ ကြောက်လန့်နီရေအတွက်နန့် အပင်တိကြားထဲမာ ဝှက်နီကတ်ပါရေ။ ဘုရားသျှင်က အာဒံပြန်လို့ဖြေဖို့ဆိုစွာကိုသိလို့ “အာဒံ သင်ဇာမာလဲ”လို့ မိန်းလိုက်တေ။ အာဒံကလည်း “ဘုရားသျှင် ကျွန်တော်ရို့ ဘုရားသျှင် ကြွလာရေအသံကို ကြားပါရေ။ ယေကေလည်း ကျွန်တော်ရို့က လင်းကြဲဖြစ်နီရေအတွက်နန့် ရက်ကြောက်ပနာ ဝှက်နီကတ်ပါရေ”လို့ ပြန်လို့ ဖြေလိုက်ပါရေ။ “သင်ရို့ကို လင်ကြဲဖြစ်နီရေလို့ အသူကပြောလဲ။ ငါ ဟန့်ထားရေ အပင်ကအသီးကို သင်ရို့ စားလိုက်ကတ်ဗျာလ်လား”လို့ ဘုရားသျှင်က မိန်းလိုက်တေ။ “ဘုရားသျှင် ဖန်ဆင်းပီးထားရေ လူမမ့က ကျွန်တော့်ကို ကျွေးလိုက်စွာပါ။ ယေနန့် သူမ အပြစ်ပါ။ သူမ ကျွေးရေအတွက်နန့် ကျွန်တော် ယင်းအသီးကို စားလိုက်စွာ ဖြစ်ပါရေ”လို့ အာဒံက ပြန်ဖြေလိုက်ပါရေ။ ဘုရားသျှင်က ဧဝကို “သင်က ဇာဖြစ်လို့ ယင်းပိုင်မျိုးလုပ်ရစွာလဲ”လို့ မိန်းလိုက်တေ။ ယေခါ “ယင်းချင့်က မြွီ လိမ်လားစွာကိုခံလိုက်ရလို့ပါ။ ယင်းမြွီက အသီးကို အကျွန်စားအောင် ဆွဲဆောင်ရေအတွက်နန့်ပါ”လို့ ဧဝက ပြန်လိုဖြေလိုက်ပါရေ။ ဘုရားသျှင်က မြွီကို “သင်က ယင်းပိုင် လုပ်လိုက်တေအတွက်နန့် အခြား သတ္တဝါတိထက် အပြစ်ဒဏ်ပိုလို့ပီးစွာခံရဖို့။ အဂုကစလို့ သင်က ဝမ်းနန့် တွားလားရဖို့။ လူတိနန့် မြွီက အချင်းချင်း မုန်းကတ်ရဖို့။ မြွီက လူတိ ခြီထောက်လောက်ရာ ဒဏ်ရာရစီရေ အချိန်မာတောင် လူတိက သင့်ကို သီစီရေအထိ လုပ်စွာကိုခံရဖို့”လို့ ပြောခပါရေ။ ဘုရားသျှင်က လူမမ့ကို

“သင်က မွီးဖွားရေကိစ္စမာ ကောင်းကောင်းကြီး နာစွာကို ခံစားရဖို့။ သင်က လင်းဘားမာ ဩဇာဟိချင် ကေလည်း လင်ကရာ သင့်ဘားမာ ဩဇာဟိလိမ့်မေ။ အဂုကစလို့ သင်က လင်သဘောအတိုင်း ဖြည့်ဆီးပီးရ လိမ့်မေ”လို့ ပြောခပါရေ။ ဘုရားသျှင်က အာဒံကို “ငါက သင့်ကို ဒေအပင်က အသီးကို မစားဖို့ တင်းတင်းကြပ်ကြပ် ဟန့်တားခရေ။ သင်က မနာခံခ။ ကမ္ဘာမြီကြီးက သင့်အတွက်နန့် ဒုက္ခဆင်းရဲ ခံစားရမေ။ အဂုကစလို့ သင်က အစားအသောက်တိအတွက် အလုပ်လုပ်ရလိမ့်မေ။ မြီကြီးက မင်းကို လန့်ဆန့်လုပ်မေ။ မြီကြီးကနီ မြက်ရိုင်းတိ၊ ချုံနွယ်တိ ထွက်လာဖို့။ သင်က သင်ဖြစ်လာရရေ မြီမှုန့်ဘဝကို ပြန်မလားရခင်အချိန်ထိ ချွေးတစီစီနန့်အပင်ပန်းခံလို့ အလုပ်လုပ်ရလိမ့်မေ”လို့ ပြောခပါရေ။ ဘုရားသျှင်က လူယောက်ကျားနန့် လူမမာ့ကို တိရစ္ဆာန်အရီနန့် အဝတ်တိ ဝတ်ပီးခပါရေ။ ယေပြီးကေ သူရို့ကို ဥယျာဉ်ထဲကနီ နှင်ထုတ်ခပါရေ။ သူရို့က ဥယျာဉ်အပြင်ဘက်မာ စားဖို့သောက်ဖို့အတွက် မြီကြီးမာ စိုက်ပျိုးရမေ။ ဘုရားသျှင်က သမ္မာဒေဝါနတ်တိကို ဥယျာဉ်အပြင်ဘက်မာ စောင့်ရှောက်ခိုင်းခပါရေ။ ယင်းအချိန်ကပင်စလို့ လူတိက အသက်အပင်နန့် ကင်းကွာလားစွာကို ခံလိုက်ရလီရေ။


2

## ၂။ အနန္တ မေတ္တာသျှင် ကိုယ်တော်ယေရှုကို မွီးဖွားတော်မူခြင်း ( မဿဲ ၁ ၊ လုကာ ၂ )

ရှိ့လွန်ခရေနှစ်ပေါင်း (၂၀၂၃) ဝန်းကျင် ၊ ဗုဒ္ဓဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးကေ နှစ်ပေါင်း (၅၆၃) ခုနှစ်မာ ၊ အစ္စရေးတိုင်းပြည်မာ မာရိလို့ခေါ်ရေ မမာ့တစ်ယောက်ဘားကို သမ္မာဒေဝါနတ်တစ်ပါး ရောက်လာရေ။ အစ္စရေးနိုင်ငံက အနောက်တောင် အာရှမာတည်ဟိပါရေ။ ယင်းအချိန် အစ္စရေးမာ ဥပဒေ မစိုးမိုးဘဲ ရက်စက် ကြမ်းတမ်းရေ ရောမအင်ပါယာ စစ်တပ်က အုပ်ချုပ်ရေအချိန်ဖြစ်ပါရေ။ မာရိက ယောသပ်လို့ခေါ်ရေ လူတစ်ယောက်နန့် စိစပ်ထားပါရေ။ သမ္မာဒေဝါနတ်က မာရိကို "မာရိ၊ သင်က ဘုရားသျှင် ကောင်းကျိုးပီးစွာကို ခံရဗျာလ်"လို့ ပြောခပါရေ။ မာရိက အံ့ဩပနာ မိမောကြီးသပ်ဗျာလ် ဇာပြောရဖို့လဲမသိ ဖြစ်နီခပါရေ။ "မကြောက်ကေ့၊ သင်က ဘုရားသျှင် ရွီးချယ်စွာကို ခံရစွာဖြစ်တေ။ သင်က သားတော်တစ်ပါးကို မွီးဖွားလိမ့်မေ။ သူ့ကို ယေရှုလို့ နာမယ်ပီးပါ။ သူက ကကောင်းကြီး မြင့်မြတ်ပြီးကေ သူ၏သာသနာတော်ကလည်း အဆုံးမဟိ ကျယ်ပြန့်လိမ့်မေ"လို့ သမ္မာဒေဝါနတ်က ပြောခပါရေ။ ယေခါ မာရိက "ယင်းချင့်က လုံးဝ မဖြစ်နိုင်ပါ။ အကျွန်က အပျိုမတစ်ယောက် ဖြစ်ပါရေ"လို့ ပြန်လို့ပြောလိုက်လီရေ။ သမ္မာဒေဝါနတ်က "သင်က သျှင်ဘုရား၏ ဘုန်းတော်နန့် ပဋိသန္ဓေရဖို့စွာ ဖြစ်တေ။ ယေနန့် ယင်းအသွေ့ကို ဘုရာသားတော်လို့ ခေါ်ရဖို့ဖြစ်တေ။ ဒေအသွေ့က ရိုးရိုးသာမန်အသွေ့တစ်ယောက် မဟုတ်ပါ။ သူ့၏သွီးသားတိကလည်း ကမ္ဘာ့ပထမ အဦးအယင်ဆုံး လူမမာ့ဖြစ်တေ ဧဝဘားက ဆင်းသက်လာရေ လူလည်း မဟုတ်ပါ။ သူ့ အသက်ဝိညာဉ်က နိဗ္ဗာန်ရွှီမြို့တော်မှ ဆင်းလာစွာ ဖြစ်တေ"လို့ ပြောခပါရေ။ ယေပြီးကေ သမ္မာဒေဝါနတ်က "မာရိ၊ ဘုရားသျှင်က ဖန်ဆင်းဖို့ဆိုကေ အရာခပ်သိမ်း ဖြစ်နိုင်ပါရေ"လို့ ပြောခပါရေ။ မာရိကလည်း နားလည်လားရေအတွက်နန့် "အကျွန်က ဘုရားသျှင်၏အမှုကိစ္စကို ဆောင်ရွက်စွာရာ ဖြစ်ပါရေ။ အသင် ပြောရေအရာအားလုံးလည်း ဖြစ်စီရပါဖို့"လို့ ပြန်ဖြေခလီရေ။ မာရိနန့် စိစပ်ထားရေ ယောသပ်က ကကောင်းမကြာ သူမမာ ဝမ်းကြီးနီစွာကို သိဟိလားပါရေ။ သူက အသွေ့အဖမဟုတ် စွာကိုလည်း သိခလီရေ။ ယောသပ်က ကကောင်းရို့ဖြောင့်ရေလူ ဖြစ်တေအတွက်နန့် မာရိကို အရှက်မရစီချင်ပါ။ ယေနန့် သူက မာရိနန့် စိစပ်ထားစွာကို တတိတ်သွေ့ ဖျက်ပစ်ဖို့ စိတ်ကူးနီလီရေ။ သူ ယင်းအကြောင်းတိကို တွေးနီစိုင်မာ သမ္မာဒေဝါနတ်တစ်ပါးက ယောသပ်၏အိမ်မက်ထဲကို ရောက်လာပနာ "ယောသပ် ၊ မာရိကို သင်၏မယားအဖြစ် ယူဖို့စွာကို မကြောင်းကြပါကေ့။ သူမ ပဋိသန္ဓေ ရထားရေအသွေ့က ဘုရားသျှင် တန်ခိုးတော်ကြောင်းဖြစ်တေ။ ဒေအသွေ့ မွီးဖွားလာရေအချိန်မာ ယေရှုလို့ နာမယ်ပီးပါ။ ယေရှုဆိုရေ နာမယ်က ကယ်တင်သျှင်လို့ အဓိပ္ပါယ်ရပါရေ။ ဇာအတွက်နန့်ဆိုကေ သူက လူအများရို့ကို သူရို့၏ ဒုက္ခဆင်းရဲကနီ လွတ်မြောက်စီဖို့ ကယ်တင်လားဖို့ဖြစ်တေအတွက်နန့် ဖြစ်ပါရေ"လို့ သမ္မာဒေဝါနတ် ပြောခပါရေ။ ယေတွက်နန့် ယောသပ်က မာရိကို မယားအဖြစ် ယူခလီရေ။ ယင်းအချိန်မာ ရောမအင်ပါယာ၏စစ်တပ်က ဂျူးလူမျိုးတိ၏ လူဦးရေစာရင်းကို ရွှီတွက်ချင်လို့ သူရို့၏မိသားစုတိဘားကို ပြန်လားဖို့ စီခိုင်းခပါရေ။ ယေတွက်နန့် မာရိနန့် ယောသပ်ရို့ကလည်း ကောင်းဝီးရေနီရာမာဟိရေ ဗက်လင်မြို့ကို လားခရလီရေ။

ယင်းခရီးလားရရေအချိန်က မာရိမွီးဖွားဖို့ နိစိလစီအချိန်ဖြစ်နီပါရေ။ ယေခါ မာရိနန့် ယောသပ်ရို့၏ မိသားစုတိက ဗက်လင်မြို့မာ မဟိပါဗျာလ်။ သူရို့ ယင်းမြို့ကို ရောက်ရေအခါ တည်းဖို့နီရာတိမာ လူတိ ပြည့်နီဗျာလ်ဖြစ်တေ။ ယောသပ်က နွားရုံတစ်ခုမာနီဖို့ ပြင်ဆင်ခလီရေ။ ယင်းနိန့် ညဥ့်မာပင် မာရိက ကိုယ်တော်ယေရှုကို ဖွားမြင်တော်မူခလီရေ။ ကယ်တင်သျှင်ဘုရား မွီးဖွားပါဗျာလ်။ မာရိက အသွေ့ယေရှုကို ချနီးဟတ်နန့်ပတ်ပြီးကေ နွားစာခွက်ထဲမာ သိပ်ထားခလီရေ။ ယင်းနိန့်ညဥ့် အနီးအပါးမာဟိရေ စားကျက်ထဲမာ သိုးတိကျောင်းနီရေ သိုးကျောင်းသမားအုပ်စုဟိလီရေ။ ဖြုန်းကနဲ သမ္မာဒေဝါနတ်တစ်ပါးက သိုးကျောင်းသမားတိ နန့်တတူ လာရပ်ရေခါ

အာကာတစ်ခုလုံးကလည်း အလင်းရောင်တိနန့် ထထိန်လင်းလားလီရေ။ သိုးကျောင်းသမားတိလည်း လန့်ဖြန့်လားကတ်လီရေ။ ယေခါ သမ္မာဒေဝါနတ်က "မကြောက်ကတ်ပါကေ့။ ငါက သင်ရို့ကို သတင်ကောင်းပီးဖို့ လာစွာဖြစ်တေ"လို့ ပြောလီရေ။ ယေပြီးကေ အနီးအပါးမာဟိရေမြို့ကို ညွှန်ပြပနာ "ဒေနိန့်မာ ကယ်တင်သျှင်ဘုရားကို ဗက်လင်မြို့မာ မွီးဖွားပြီးခဗျာလ် ဖြစ်တေ။ သူက မေရှိယ(ဘုရား) ဖြစ်တေ။ ယင်းအရပ်ကို လားလို့ နွားစာခွက်ထဲမာ ချနီးဟတ်နန့်ပတ်လို့ သိပ်ထားရေ အသျှေယေရှုကို လားပနာ ဖူးကတ်ပါ"လို့ ပြောခလီရေ။ ဗြုန်းစားကြီး အာကာတစ်ခုလုံးမာ ကိုယ်တော်ယေရှုကို လာဗျာလ်ဖူးကတ်တေ သမ္မာဒေဝါနတ်အများကြီးနန့် ပြည့်နီလီပါရေ။ ယင်းနတ်တိက "ကကောင်းကြီးမြင့်မြတ်တေ ဘုရားသျှင်ကို ဆည်းကပ်ပါရေ။ ဒေကမ္ဘာမြီထက်က လူသားတိုင်း ငြိမ်းချမ်းစီပါ" လို့ ချီးမွမ်းပူဇော်ပနာ ပျောက်လားကတ်လီရေ။ သိုးကျောင်းသမားတိကလည်း ယင်းနတ်တိပြောခစွာအတိုင်း ချက်ချင်းလက်ငြင်းလားကတ်လီရေ။ သူရို့က ဗက်လင်မြို့ကိုလားပနာ မာရိ၊ ယောသပ်နန့် အသျှေယေရှုရို့ကို နတ်တိပြောခရေအတိုင်း မြင်တွို့ခကတ်ရလီရေ။ သိုးကျောင်းသမားတိက လူအများရို့ကို ဇာမျိုး ဇာဖုံ ဖြစ်ပျက်ခစွာ ကို ပြန်ပြောပြရေအခါ လူတိက ကကောင်းကြီးအံ့သြကတ်လီရေ။ ယေပြီးကေ သူရို့က စားကျက်ကို ပြန်လားခ ကတ်လီရေ။ သူရို့ တွို့မြင်ခရစွာတိအတွက် ဘုရားသျှင်ကို ပူဇော်ကတ်လီရေ။

အရှို့အာရှဖက်က ဉာဏ်ပညာဟိတိက မေရှိယကို မွီးဖွားဗျာလ်ဖြစ်စွာကို ကြားကတ်လို့ အစ္စရေးနိုင်ငံ အနောက်အရပ်မာ မေရှိယကို ဖူးဖို့ လားခ ကတ်လီရေ။ သူရို့က အရှို့အရပ်က ထွက်ရေ ထူခြားရေကြယ်၏ လမ်းပြမှုအတိုင်း နောက်ကလိုက်ဗျာလ် အစ္စရေးပြည်မာဟိရေ အသျှေယေရှုဘားကို လားစွာဖြစ်တေ။

ပညာဟိရို့က ရောမအင်ပါယာ၏ဘုရင်ခံနန့် ဝန်ကြီးရို့ကို မေရှိယ ဇာအရပ်မာ မွီးဖွားခလဲလို့ မိန်းခကတ်လီရေ။ ဘုရင်ခံက မွီးဖွားလာရေ ကယ်တင်သျှင်ကို မာနာလိုစိတ် ဖြစ်ခလီရေ။ အကြောင်းရင်းက ကယ်တင်သျှင်ရေ အစ္စရေးနန့် ကမ္ဘာကြီး၏ဘုရင်ဖြစ်လာလိမ့်မေလို့ ဟောကိန်းထုတ်ခလို့ ဖြစ်ပါရေ။ မေရှိယ၊ ခရစ်တော်ဆိုစွာက ကယ်တင်သျှင်ဘုရား"လို့ အဓိပ္ပါယ်ရလီရေ။ ဘုရင်ခံက စစ်သားတိကို အသျှေယေရှုကို သတ်ဖို့ စီခိုင်းလိုက်လီရေ။ ယေကေလည်း သမ္မာဒေဝါနတ်တိက ယောသပ်ကို အာဖရိက အရပ်မာဟိရေ အီဂျစ်ပြည်ကို ထွက်ပြီးဖို့ အိပ်မက်ပီးခလီရေ။ ပညာဟိတိက အသျှေယေရှုကို တွို့ရေအခါ ဂါရဝပြုခကတ်လီရေ။ သူရို့ ယူလာရေ ရွှီတိကို လက်ဆောင်ပီးကတ်လီရေ။ အကောင်းစားအမွှီးနံ့သာတိုင်တိနန့် ဂါရဝပြုခကတ်လီရေ။



3

## ၃။ ကိုယ်တော်ယေရှုက ကရုဏာတရားအကြောင်းကို သွန်သင်ခြင်း (လုကာ ၁၀:၂၅-၃၇)

အယင်ကခါက ဥပဒေကျမ်းဂန်ကျွမ်းကျင်ရေလူတစ်ယောက်က ကိုယ်တော်ယေရှု၏ဘုန်းတန်ခိုးနန့် ဉာဏ်ပညာကို စမ်းသပ်ရေအနေနန့် ကိုယ်တော်ယေရှုကို "နိစ္စထာဝရအသက်ကို ရဖို့အတွက် ဇာလုပ်ရပါဖို့လဲ"လို့ မိန်းခွန်းထုတ်ခပါရေ။ ယေခါ ကိုယ်တော်ယေရှုက ယင်းဥပဒေကျွမ်းကျင်ရေလူကို "ဥပဒေမာ ဇာတိပြဌာန်းထားလဲ ၊ ယင်းချင့်မာ ပြဌာန်းထားရေ အချက်တိကို သင ဇာပိုင် ဖတ်ပါလဲ"လို့ ပြန်လို့ မိန်းမြန်းခလီရေ။

"သင်ရို့၏အသဲနှလုံး၊ နာမ်ဝိညာဉ်၊ စိတ်ဓါတ်စွမ်းအားဟိသရို့နန့် ဘုရားသျှင်ကို ကြည်ညိုသဒ္ဓါပွားပါ။ ကိုယ့်ကိုယ်ကို သျှစ်တေပိုင် သင့်အိမ်နားပါးချင်းကိုလည်း သျှစ်ခင်လေးစားပါ"လို့ ယေရှုက ပြန်လို့ ဖြေလိုက်ပါရေ။ ကိုယ်တော်ယေရှုက "သင့်မာ အဖြေမှန်ဟိပါရေ"လို့ မိန့်လီရေ။ ယေကေလည်း ယင်းအမှန်တရားကို သိချင်ရေ အတွက် သူက "ကျွန်တော်၏အိမ်နားပါးချင်းဆိုစွာက ဇာပိုင်လူမျိုး ဖြစ်ပါဖို့လဲ"လို့ ပြန်လို့ မိန်းခလီရေ။

ကိုယ်တော်ယေရှုက ပြန်ဖြေလိုက်စွာက၊ အယင်ကခါက လူတစ်ယောက်ရေ ဂျေရုဆလင်မြို့ကနီ ယေရိခေါမြို့ကို လားရေအခါ လမ်းခရီးမာ ဒါးမရတိက သူ၏အဝတ်အစားတိကို ချွတ်လို့ယူပြီးကေ သီလောက်အောင်ဘုတ်သတ်ပနာ အဝီးကို ထွက်လားခလီရေ။ ယေပြီးကေ ဘုန်းတော်ကြီးတစ်ပါးလည်း ယင်းလမ်းအတိုင်း လာရေခါ ဒဏ်ရာတိနန့်လဲကျနီရေလူကို မြင်လို့ အရာလမ်းတစ်ဖက်က ကူးလို့လားခလီရေ။ ယင်းနည်းတူ လေဝိအနွယ်ဝင်တစ်ယောက်ကလည်း ယင်းလမ်းက လာလို့ သူ့ကိုမြင်ရေခါ အရာလမ်းတစ်ဖက်က ဖယ်လို့ လားခလီရေ။ ယေကေလည်း ရှမာရိမြို့က လူတစ်ယောက်လည်း ယင်းလမ်းက ဖြတ်လားရေခါ ဒဏ်ရာတိနန့် လဲကျနီရေလူကို မြင်လို့ သနားစိတ်ဝင်လားခလီရေ။ သူ့ ဒဏ်ရာတိ သက်သာစီဖို့ ဆီနန့်စပျစ်ရည်တိကို လိမ်းပီးခလီရေ။ သူ့ကို အရေးစိုက်ပနာ ကုသပီးဖို့အတွက် သူ့မြည်းထက်ကိုတင်လို့ တည်းခိုးခန်းသျှေ့တစ်ခုကို ခေါ်လားခလီရေ။ အရာတစ်ရက်မာ တည်းခိုးခန်းပိုင်သျှင်ဘားမာ ငွေဒင်္ဂါးနှစ်ပြားပီးဗျာလ် "သူ့ကို အရေးစိုက်ပီးဖို့နန့် ပိုလို့ကုန်ကေလည်း ပြန်လာရေခါ ပြန်ပီးပါမေ"လို့ မှာပနာ ခရီးဆက်လို့လားခလီပါရေ။ ကိုယ်တော်ယေရှုက "ယင်းလူ သုံးယောက်ထဲမာ ဒါးမရတိုက်ခံရရေလူ၏ အိမ်နားပါးချင်းအစစ်က ဇာသူဖြစ်ဖို့ထင်လဲ"လို့ မိန်းရေခါ "ကရုဏာမေတ္တာနန့် ကိုယ်ချင်းစာတရားဟိရေလူပါ"လို့ ဥပဒေကျွမ်းကျင်ရေလူက ပြန်လို့ဖြေရေခါ ကိုယ်တော်ယေရှုက "ဒေနည်းလမ်းအတိုင်း လိုက်နာကျင့်သုံးပါ"လို့ ပြန်လို့ မိန့်ကြားခပါရေ။


4

## ၄။ နောင်တသံဝေဂရနီရေ ဒုစရိုက်သမား တစ်ယောက်ကို ဘုရားသျှင် ကယ်တင်တော်မူခြင်း (လုကာ ၁၉:၁-၁၀)

တစ်ခါကခါ ကိုယ်တော်ယေရှုက ယေရိခေါမြို့ကို ဖြတ်လားလီပါရေ။ ယင်းမြို့မာ ဇက္ခဲလို့ခေါ်ရေ လူတိဘားက မတရားလိမ်ပနာ ကောက်လို့ရထားရေအခွန်တိနန့် ချမ်းသာနီရေအခွန်ကောက်လူတစ်ယောက် ဟိပါရေ။ သူက ကိုယ်တော်ယေရှုကို ဖူးချင်ကေလည်း အရပ်တိုလို့ လူအများကြီးကိုကျော်ဗျာလ် ကိုယ်တော်ယေရှုကို ဖူးခွင့်ရဖို့ အခက်အခဲတွိ့နီရလီရေ။ ယေနန့် သူက အရှိ့ကို အယင်ပြီးလားပနာ သဖန်းပင်အထက်ကိုတက်လို့ ဖူးခရလီရေ။ ကိုယ်တော်ယေရှု ယင်းသဖန်းပင်အနားကို ရောက်ရေချိန်မာ သူ့ကို ကြည့်ဗျာလ် “ဇက္ခဲ အဂုချက်ချင်း အပင်ထက်က ဆင်းလာပါ။ ငါ ဒေနိန့် သင့်အိမ်မာ နီဖို့”လို့ ပြောလိုက်ရေအခါ သူက သဖန်ပင်ထက်က ချက်ချင်း ဆင်းလာပြီးကေ ဝမ်းပန်းတသာ ကြိုဆိုလီရေ။ ယင်းအဖြစ်တိကို လူတိအားလုံးက မြင်လားကတ်လို့ “မတရား သဖြင့်အခွန်တိကောက်ရေ ဒုစရိုက်သမားတစ်ယောက်အိမ်မာ လားတည်းရေ”လို့ တတိုးသျှေ ဝေဖန်လို့ ပြောနီ ကတ်လီရေ။ ယင်းအချိန်မာပင် ဇက္ခဲက ရပ်ဗျာလ် ကိုယ်တော်ကို “ကြည့်တော်မူပါ အသျှင်၊ ကျွန်တော် လူတိဘားက အခွန်တိ မတရားကောက်ယူထားရေ အပြစ်ဒုစရိုက်တိကို ဝန်ခံပါရေ။ လုပ်မိခရေအပြစ်တိအတွက်လည်း နောင်တသံဝေဂ ရပါဗျာလ်။ အဂုကစလို့ ကျွန်တော်ပိုင်ရေ ဒင်္ဂါး၊ ပစ္စည်းဥစ္စာတိ၏ထက်ဝက်ကို မဟိဆင်းရဲသားတိ အတွက် လှူဒါန်းပါဖို့။ တစ်ချို့လူတိဘားက လိမ်လို့ယူထားရေ ဒင်္ဂါးတိကို ယင်းဒင်္ဂါး၏လေးဆလောက်ကိုလည်း ကျွန်တော်ပြန်လို့ ပီးပါဖို့”လို့ ပြောခပါရေ။ ယေနန့် ကိုယ်တော်ယေရှုက “ဒေနိန့် ဒေအိမ်သားက ကယ်တင်စွာကို ရဟိကတ်ဗျာလ်။ ဇာတွက်နန့်ဆိုကေ အာဗြဟံ သားတစ်ယောက် ဖြစ်တေ ဒေလူက ကယ်တင်စွာကို ရဟိခရေပိုင် လမ်းပျောက်နီရေ လူတိအတွက်လည်း ကယ်တင်ခြင်းကို တွိ့ရလိမ့်မေ”လို့ ပြောခပါရေ။



## ၅။ ကိုယ်တော်ယေရှု မကောင်းဆိုးဝါးကို အောင်နိုင်ခြင်း (မဿဲ ၈း၂၈-၃၄၊ လုကာ ၈း၂၆-၃၉၊ မာကု ၅း၁-၂၀ )

တနိန့်မာ ကိုယ်တော်ယေရှုနန့် သူ့တပည့်တော်တိ လောင်းနန့်ကမ်းခြီတစ်ခုကို ဆိုက်လီပါရေ။ ယင်းနီရာမာ မကောင်းဆိုးဝါး အပူးခံနီရလို့ သင်္ချိုင်းဂူမာနီရေ လူတစ်ယောက်ဟိပါရေ။ ယင်းမကောင်းဆိုးဝါး အပူးခံနီရရေလူကို ထိန်းဖို့အတွက် အားကောင်းမောင်းသံရေလူတစ်ယောက်လေ့မဟိပါ။ လူတိက သူ့ကို သံကြိုးတိနန့်ချိုင်ထားဖို့ အခေါက်ခေါက်အခါအခါ ကြိုးစားခပါရေ။ ယေကေလည်း သူက ယင်းသံကြိုးတိကို အလွယ်သျှေ ဖျက်နိုင်ခလီရေ။ သူက လင်းကြဲတစ်တုံးနန့် တောင်ကုန်တိ သင်္ချိုင်းဂူပတ်ပတ်လည်မာ လားလာနီရေလူဖြစ်ပါရေ။ သူက ကိုယ့်ကိုယ်ကို ကျောက်တိနန့် လှီးပြီးကေ အော်လို့ငိုနီရေ အလိဟိပါရေ။

သူက ကိုယ်တော်ယေရှုနန့် သူ့တပည့်တော်တိ လောင်းထက်က ဆင်းလာစွာကို မြင်ရေခါ ဖြီးလာပြီးကေ ကိုယ်တော်ယေရှု ရှိ့မာ ဒူးထောက်လိုက်ပါရေ။ ယေပြီးကေ သူက “ကျွန်တော်ရို့က အသျှင် ဇာသူလဲဆိုစွာကို သိပါရေ။ အသျှင်က ကကောင်းကြီးမြင့်မြတ်တေ ဘုရားသျှင်၏သားတော်ဖြစ်ပါရေ။ ကျွန်တော်ရို့ တောင်းပန်ပါရေ။ ကျွန်တော်ရို့ကို မညှည်းဆဲပါကေ့”လို့ ကိုယ်တော်ယေရှုကို အော်လို့ပြောခလီရေ။

ယေခါ ကိုယ်တော်ယေရှုက သူ့ကို “သင့်နာမယ် ဇာခေါ်လဲ”လို့ မိန်းရေခါ သူကလည်း “ (မကောင်းဆိုးဝါး အပေါင်းစုလို့ အဓိပ္ပါယ်ရ)ရေ လေဂေါင်လို့ခေါ်ပါရေ။ ကျွန်တော်ရို့ကို ကောင်းကောင်းနက်ရေ ဂျောက်ထဲကို မပို့ပါကေ့။ အသျှင်ကြည့်ပါ။ ယင်းနားက တောင်ကုန်ထက်မာ ဝက်တိအစာစားနီပါရေ။ ယင်းဝက်တိဘားကို ကျွန်တော်ရို့ကို ပူးခွင့်ပြုပါ”လို့ တောင်းပန်ကတ်ပါရေ။ ကိုယ်တော်ယေရှုက ယင်းဝက်တိကို ကြည့်ပြီးကေ “သင်လားနိုင်ဗျာလ်”လို့ ပြောလိုက်တေ။ ယေပြီးကေ မကောင်းဆိုးဝါးတိက ယင်းလူဘားက ထွက်လားပြီးကေ ဝက်တိဘားကို ဝင်ပူးလားလီရေ။ ဝက်အကောင် နှစ်ထောင်လုံးစွာ တောင်အောက်ကို ဖြီးဆင်းခါ မြစ်ထဲကို ကျပနာ မြှုပ်လားကတ်ပါရေ။ ယင်းအဖြစ်ပျက်ကို မြင်လိုက်ရရေ ဝက်ကျောင်းသမားတိက မြို့ထဲကို ဖြီးလို့လားပနာ သူရို့ ကြုံခရရေအဖြစ်တိကို လူအများရို့ကို ပြန်လို့ပြောပြကတ်လီရေ။ ယေခါ လူတိက ယင်းအဖြစ်ပျက်တိကို သူရို့ကိုယ်တိုင် ကြည့်ချင်လို့ စုလို့လာကတ်လီရေ။ ယင်းသူရို့ရောက်လာရေအခါ မကောင်းဆိုးဝါး ပူးကပ်ခံရရေ လူက အဝတ်စားတိဝတ်လို့ လူကောင်းပကတိအတိုင်း ငြိမ်လို့ ဖြစ်နီစွာကို တွိ့ခကတ်ရလီရေ။ ယင်းလူက သူဖြစ်ခရေအရာတိကို လူအများရို့ကို အရာပြောပြခလီရေ။ ယေခါ လူတိက ကိုယ်တော်ယေရှုကို ကြောက်လန့် လားပြီးကေ ထွက်လားဖို့ တောင်းဆိုခကတ်လီရေ။

ကိုယ်တော်ယေရှု လောင်းထက်ကိုရောက်ရေခါ မကောင်းဆိုးဝါးပူကပ်ခံခရရေလူက “ကျေးဇူးပြုလို့ ကျွန်တော့်ကိုပါ ကိုယ်တော်ယေရှုနန့်တတူ လိုက်ခွင့်ပီးပါ”လို့ လျှောက်လိုက်တေ။ ယေခါ ကိုယ်တော်ယေရှုက သူ့ကို “သင်၏လူတိဘားကို ပြန်လားပါ။ ဘုရားသျှင်က သင့်အတွက် ဇာလာတောင်လုပ်ပီးခလဲဆိုစွာကို လူတိကိုပြောပြပါ။ ဘုရားသျှင် သင့်ဘားမာထားရေ မေတ္တာ၊ ကရုဏာတရားတိကို ပြောပါ”လို့ ပြောဗျာလ် ကိုယ်တော်ယေရှုနန့် သူ၏နောက်လိုက်တိက ရီကန် တစ်ဖက်ကမ်းမာဟိရေ ဂျူးလူမျိုးတိဘားကို ထွက်လားကတ် ပါရေ။ မကောင်းဆိုးဝါးအပူခံခရရေလူက သူနီရေမြို့ကို ပြန်လားပြီးကေ ကိုယ်တော်ယေရှုက သူကို လုပ်ပီးခစွာတိ ကို လူအများရို့အား ပြန်လို့ပြောပြခပါရေ။ လူတိကလည်း အံ့လို့မကျီ ဖြစ်ခကတ်ရပါရေ။




6

## ၆။ ကိုယ်တော်ယေရှုလူပေါင်း ငါးထောင်ကို ကျွေးမွေးတော်မူခြင်း ( ယောဟန် ၆း၁-၁၅ )

အရာတစ်ခါကခါ ကိုယ်တော်ယေရှုက ဂါလိလဲမြစ်နန့် ဝီးရေ ပင်လယ်ကမ်းခြီတစ်ခုကို ကူလားခ လီရေ။ လူတိက ကိုယ်တော်ယေရှုရေ မကျိုင်းမာရေလူတိကို ကျိုင်းမာအောင်ပြုတော်မူစွာကို မြင်တွိ့ခရေအတွက် ကောင်းကောင်းများရေလူထုပရိတ်သတ်ရို့က ကိုယ်တော်ယေရှု အနောက်က လိုက်လာကတ်လီရေ။ ယေခါ ကိုယ်တော်ယေရှုနန့် သူ့တပည့်တိက တောင်ထက်ကိုတက်ဗျာလ် ထိုင်နီခလီရေ။ ယင်းအချိန်က ပသခါပွဲတော် လို့ခေါ်ရေ အစ္စရေးလူမျိုးတိ အီဂျစ်ကနီ လွတ်မြောက်လာရေ အထိမ်းအမှတ်ပွဲတော် ကျင်းပဖို့ အချိန်နီးကပ်နီဗျာလ် ဖြစ်တေ။ ကောင်းကောင်းများရေလူပရိတ်သတ်ကြီးက ကိုယ်တော့်ဘားကို လာနီစွာကိုမြင်ရေခါ ကိုယ်တော်ယေရှု က ဖိလိပ္ပုကို "ဒေလူတိ စားဖို့ အစားအသောက်တိကို ငါရို့ ဇာကဝယ်လို့ ရနိုင်ဖို့လဲ"လို့ မိန်းလိုက်တေ။ ကိုယ်တော်ယေရှုက ဖိလိပ္ပုကို စပ်းသပ်ချင့်လို့ရာ ယင်းပိုင် မိန်းလိုက်စွာဖြစ်တေ။ ကိုယ်တော်ယေရှု ဇာပိုင်လုပ်ရဖို့လဲ ဆိုစွာကို သိပြီးသားဖြစ်ပါရေ။ ဖိလိပ္ပုက "ဒေလောက် ကောင်းကောင်းများရေလူအကျိုင်လိုက်အတွက် ပေါင်မုန့် တစ်ကိုက်စာလောက် ရှာဖို့ဆိုကေတောင် ၊ နှစ်ဝက်ထက်မကရေ ဒင်္ဂါးလိုပါလိမ့်မေ"လို့ ပြန်ဖြေလိုက်ပါရေ။ အရာတပည့်တိထဲက တစ်ယောက်ဖြစ်တေ ရှိမုန်ပေတရု၏ညီ၊ အန္ဒြေကလည်း "ဒေအနီးအပါးက အသျှေတစ်ယောက်ဘားမာ စားဖို့ မုယောပေါင်မုန့်ငါးလုံးနန့် ငါးနှစ်ကောင်ဟိပါရေ။ ယေကေလည်း ဒေလောက်များရေ လူအကျိုင်လိုက် အတွက်ဆိုကေ ဇာလောက်တောင် လိုပါဖို့လဲ"လို့ ပြန်လို့ဖြေခလီရေ။ ယင်းအချိန်မာ ကိုယ်တော်ယေရှုက အရွီအတွက်အနီနန့် လူပေါင်းငါးထောင်ကျော်လောက်ဟိရေ လူအကျိုင်လိုက်ကြီးကို မြက်ခင်းထက်မာ ထိုင်ခိုင်းလိုက်ပါရေ။ ကိုယ်တော်ယေရှုက အသျှေဘားက ပေါင်မုန့်တိကို ယူလိုက်ပြီးကေ ဘုရားသျှင်၏ဂုဏ်ကျေးဇူးကို ပူဇော်ပနာ ထိုင်နီရေ လူအကျိုင်လိုက်ကြီးအတွက် ပေါင်မုန့်တိကို သူရို့လိုသလောက် ဝီပီးနိုင်ခပါရေ။ ငါးတိကိုလည်း ဒေနည်းအတိုင်း လုပ်ဆောင်ခပါရေ။ လူတိအာလုံး စားလို့ပြီးရေခါ ကိုယ်တော်ယေရှုက သူ့တပည့်တော်တိကို "လူတိစားပြီးလို့ ပိုနီရေ အစားအစာတိကို သိမ်းလိုက်ပါ။ အလဟာသ မဖြစ်စီပါကေ့" လို့ ပြောလိုက်လီရေ။ ယေနန့် တပည့်တော်တိက ပေါင်မုန့်ငါးလုံးနန့် ငါးနှစ်ကောင်ကနီ လူတိဘားကို ဝီပီးခပြီးကေ ပိုနီစွာကို လိုက်သိမ်းရေအခါ ခြင်းတောင်းကြီး တစ်ဆယ့်နှစ်တောင်းရဟိလီရေ။

လူတိက ကိုယ်တော်ယေရှုကျွေးမွီးစွာကို သိပြီးရေခါ "ဒေချင့်စွာ ကမ္ဘာကြီးကိုရောက်လာဖို့ဆိုရေ အရိယာသူတော်စင် ဖြစ်ရဖို့" လို့ ပြောနီကတ်ပါရေ။ ကိုယ်တော်ယေရှုက သူ့ကို လူတိက သူရို့၏ဘုရင်အဖြစ် ခန့်ဖို့ အားသန်နီရေအတွက် တောင်ထက်ကို ပြန်လို့လာခလီရေ။



## ၇။ ကိုယ်တော်ယေရှုကို လက်ဝါးကပ်တိုင်ထက်ကိုတင်လို့ သတ်ခြင်း ( လုကာ ၂၃း၁-၅၆ )

ကိုယ်တော်ယေရှု သစ္စာဖောက်စွာခံရဖို့၊ ဂျူးလူမျိုးအကြီးကဲတိနန့် ရောမစစ်သားတိ၏ လက်ထဲကို အပ်စွာခံရပနာ၊ လက်ဝါးကပ်တိုင်မာတင်လို့ အသတ်ခံရဖို့၊ သုံးရက်မြောက်ရေခါ ပြန်လို့အသက်ရင်လာမေလို့ ကြိုတင်လို့ဟောထားခစွာဟိပါရေ။ သူ သီစွာက တရားသဖြင့်သီစွာမဟုတ်ဘဲ ကမ္ဘာပေါ်မာဟိရေ အပြစ်သားတိ၏ အပြစ်တိကို ခွင့်ရွှတ်မှုရဖို့အတွက် ဘုရားသျှင်၏အစီစိုင်တိထဲက တစ်ခုဖြစ်ပါရေ။ ယေပြီးကေ သူကြိုလို့ ဟောထားရေအတိုင်းပင် ဖြစ်ပျက်ခပါရေ။ ကိုယ်တော်ယေရှု၏ တပည့်တစ်ယောက်ဖြစ်တေ ယုဒက ကိုယ်တော်ယေရှုကို ဒင်္ဂါးမက်မောပနာ သစ္စာဖောက်လို့ တရားရုံးရှိ့တော်မာ အပြစ်ဒဏ်ခံရအောင် ကိုယ်တော်ယေရှုက မေရှိယဘုရင်လို့ပြောခရေဆိုပနာ လိမ်လို့ပြောလိုက်ပါရေ။ ရောမကေရာဇ်ဘားကို အခွန်အခမပီးဖို့အတွက် ပြည်သူတိကိုလည်းစည်းရုံးပနာ သင်ကြားပီးခရေလို့ မမှန်မကန် ပြောခပါရေ။ ကိုယ်တော်ယေရှုက စစ်သားတိ ဖမ်းလားစွာကိုခံခရပြီးကေ သူခိုးနှစ်ယောက်နန့်တတူ လက်ဝါးကပ်တိုင်ထက်မာ တင်စွာခံရပါရေ။ စစ်သားတိက ကိုယ်တော်ယေရှုကို သတ္တုနန့်လုပ်ထားရေ ကြာပွတ်နန့် (၃၉ ကြိမ်) ဘုတ်သတ်ပနာ နှိပ်စက်ခပါရေ။ ကိုယ်တော်ယေရှု၏ကိုယ်ရုံကိုချွတ်လို့ ဘုတ်သတ်ပနာ သရော်ခကတ်ပါရေ။ လက်ဝါးကပ်တိုင် ထက်မာ လက်တိ၊ ခြီတိကိုလည်း သံမှိုနန့် ခတ်ခပါရေ။ ကိုယ်တော်ယေရှုက လက်ဝါးကပ်တိုင်ထက်မာ ခြောက်နာရီကြာအောင် ချိတ်ထားစွာခံခရပြီးကေ သူ့ကို နှိပ်စက်ဗျာလ် သတ်နီရေလူတိကို ခွင့်ရွှတ်ပီးဖို့အတွက် ဘုရားသျှင်ဘားမာ တောင်းဆိုခပါရေ။ ကိုယ်တော်ယေရှုက ကကောင်းကျယ်ရေ အသံနန့် အော်ပြီးကေ “အဖဘုရားသျှင်၊ ကျွန်တော်၏ အသက်ဝိညာဉ်ကို သင့်လက်ထဲကို အပ်ပါရေ”လို့ အော်ပြီးကေ နောက်ဆုံး ထွက်သက်ကို ရှူခပါရေ။ ရောမအရာဟိတိက အားလုံးကိုမြင်လိုက်ရရေခါ ဘုရားသျှင်ကိုဆုတောင်းဗျာလ် “ဒေသူက အမှန်ပင် သူတော်စင်ဖြစ်ပါရေ”လို့ ပြောလီရေ။ ယင်းအချိန်မာ စုလိုဟိနီရေလူအကျိုင်လိုက်ကလည်း မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရရေ အဖြစ်ပျက်အားလုံးကို တွေးတောဗျာလ် ဝမ်းနည်းပက်လက် ထွက်လားခလီရေ။ ဂါလိလဲဒေသ ကစလို့ ကိုယ်တော်ယေရှုနောက်ကို လိုက်လာရေမမာ့တိနန့် ကိုယ်တော်ယေရှုကိုသိရေလူတိလည်း မနီးမဝီးမာ ရပ်လို့နီပြီးကေ အဖြစ်ပျက်တိကို ကြည့်နီခကတ်ပါရေ။ ကောင်စီအဖွဲ့ဝင်တစ်ယောက်ဖြစ်တေ ယောသပ်ဆိုသူရေ ရို့သားဖြောင့်မှန်သူတစ်ယောက်ဖြစ်လို့ ကိုယ်တော်ယေရှုဘားမာ လုပ်ခရေ လုပ်ရပ်နန့်ဆုံးဖြတ်ချက်တိကို သဘောမတူခသူတစ်ယောက်လည်း ဖြစ်ပါရေ။ ယောသပ်က အရိမသဲရွာကနီ လာရေလူဖြစ်ပနာ ဘုရားသျှင်၏သာသနာတော်ကို စောင့်မျှော်နီရေလူတစ်ယောက်လည်း ဖြစ်ပါရေ။ ယောသပ်က ပိလတ်မင်းဘားကိုလားပနာ ကိုယ်တော်ယေရှု၏အလောင်းကို ပြန်လို့ တောင်ခံခပါရေ။ သူက ရုပ်အလောင်းကို ယူလာပနာ ညှံ့နီရေခြည်သား အဝတ်စနန့် အသီအချာပတ်ဗျာလ် တစ်ယောက်ကိုလေ့ မသင်္ဂြိုလ်ရသိရေ ကျောက်ဂူ သင်္ချိုင်းအထဲမာ နီရာချထားခပါရေ။ ယင်းနိန့်ရေ ဥပုသ်နိန့်အတွက်ပြင်ဆင်စရာတိကို ကြိုလို့လုပ်တေ နိန့်ဖြစ်ပါရေ။ ကိုယ်တော်ယေရှုနန့်တတူ ဂါလိလဲဒေသကနီ အတူတူ လာရေမမာ့တိကလည်း ယောသပ်နန့်လိုက်လာပနာ ဂူသင်္ချိုင်းဟိ ကိုယ်တော်ယေရှု၏အလောင်းကို လာလို့ကြည့်ခကတ်ပါရေ။ ယေပြီးကေ အိမ်ကို ပြန်လားဗျာလ် အမွှီးနံ့သာရည်တိကို ပြင်ဆင်ခကတ်လီရေ။



8

## ၈။ ကိုယ်တော်ယေရှု သီစွာကနီ အသက်ပြန်ရင်လာခြင်း   ( လုကာ ၂၄း၁-၈ )

ရက်သတ္တပတ်၏ပထမဆုံးနိန့် မိုးထက်စစောမာ ကိုယ်တော်ယေရှု၏နောက်လိုက်မမာ့တိက အမွှီးနံ့သာရည်တိကိုယူလို့ သင်္ချိုင်းဂူကို လားခကတ်လီရေ။ သူရို့က သင်္ချိုင်းဂူကိုရောက်ရေခါ သင်္ချိုင်းဂူအဝ ပွင့်နီစွာကို မြင်တွိ့ရလီရေ။ ယေကေလည်း သင်္ချိုင်းအထဲကိုရောက်လားရေအချိန်မာ ကိုယ်တော်ယေရှု၏ အလောင်းကို မတွိ့ရပါဗျာလ်။ သူရို့တိက အံ့လို့မဆုံးဖြစ်နီချိန်မာ လှဲ့လှဲ့ခတ်လို့တောက်နီအောင်ဝတ်ထားရေ လူနှစ်ယောက်က သူရို့ဘေးနားမာ ဖြုန်းစားကြီး ရပ်လာပါရေ။ မမာ့တိက ကြောက်လန့်လားပြီးကေ မြီပြင်မာ ဖပြားဝပ်လို့ ရှိခိုးကတ်လီရေ။ ယင်းသူရို့က “သင်ရို့ ဇာတွက်နန့် သီရေနီရာမာ အသက်ရင်ရေလူကို ရှာနီကတ်လဲ။ သူ ဒေမာ မဟိဗျာလ်။ သူ အသက်ပြန်ရင်လားဗျာလ်။ ဂါလိလဲဒေသမာ ဟိစိုင်က ကိုယ်တော်ယေရှုက သင်ရို့ကို ပြောခစွာ အတွက်ပေါ်ကတ်လာ။ လူ့သားယေရှုက အပြစ်သားတိ လက်ထဲကိုအအပ်ခံရဗျာလ်၊ လက်ဝါးကပ်တိုင်ထက်မာတင်လို့ အသတ်ခံရပြီးကေ သုံးရက်မြောက်ရေနိန့်မာ ပြန်လို့အသက်ရင်လာမေလို့ ပြောခစွာကို အတွက်ပေါ်ကတ်လာ”လို့ ပြောလိုက်ပါရေ။

သူရို့အားလုံးစွာ ကိုယ်တော်ယေရှု၏စကားတိကို အတွက်ပေါ်ကတ်ပြီးကေ ကိုယ်တော်ယေရှုကလည်း သူ့၏တပည့်တော်တိကြားမာ ကိုယ်ထင်ပြလီရေ။ ယေပြီးကေ ကိုယ်တော်က “အီးချမ်းပါစီ”လို့ နှုတ်ဆက်လိုက်ပါရေ။ သူရို့အားလုံးကလည်း ကိုယ်တော်ယေရှုကို တစ္ဆေသရဲလို့ထင်ပနာ လန့်ဖြန့်နီခကတ်လီရေ။ ကိုယ်တော်ယေရှုက “မကြောက်ကတ်ပါကေ့။ ငါ၏လက်တိ ခြီတိကို ကြည့်ပါ။ ငါကိုယ်တော် စင်စစ်ပါ။ တို့ကြည့်ပါ။ သစ္ဆေသရဲရာဆိုကေ အသွီး အသားနန့် အရိုးတိ မဟိပါ။ ငါမာက ဟိနီလို့ သင်ရို့ မြင်ရစွာဖြစ်တေ။ သင်ရို့ဘားမာ စားစရာတစ်ခုခု ဟိကတ်လာ”လို့ မိန်းရေခါ သူ၏တပည့်တော်တိကလည်း ငါးကင်အနည်းသျှေပီးလိုက်လို့ ကိုယ်တော်ယေရှုကလည်း ချက်ချင်း စားလိုက်ပါရေ။

ကိုယ်တော်ယေရှု နိဗ္ဗာန်ရွှီမြို့တော်ကို မလားခင် သူက ဒုက္ခဝေဒနာတိကိုခံစားရပနာ သုံးရက်မြောက်တေ နိန့်မာ အသက်ပြန်ရင်လာဖို့လို့ ကတိပီးခပါရေ။



9

## ၉။ ကိုယ်တော်ယေရှုနိဗ္ဗာန်ရှိမြို့တော်ကို ပြန်ကြွခြင်း၊ လူမျိုးတိုင်းဘားကိုလားဗျာလ် တပည့်တော်တိ မွီးထုတ်ဖို့ သင်ပြခြင်း ( မဿဲ ၂၈း၁၆-၂၀၊ တမန်တော် ၁း၁၁ )

တပည့်တော်တိက သူရို့ကို ကိုယ်တော်ယေရှုက တပည့်တော်အဖြစ် ရွီးချယ်ခရေ တောင်ထက်ကို လားခလီရေ။ ယေခါ ကိုယ်တော်ယေရှုက ဖြုန်းစားကြီး ပေါ်လာလို့ တပည့်တော်တိကလည်း ကိုယ်တော့်ကို ရှိခိုးခကတ်ပါရေ။ ကိုယ်တော်ယေရှုက “ငါ့ကို ဘုရားသျှင်က လုပ်ပိုင်ခွင့်တိ ပီးခရေ။ ယေနန့် လူမျိုးတိုင်းဘားကို လားပနာ တပည့်တော်တိ မွီးထုတ်ကတ်ပါ။ သူရို့ကို အဖဘုရား၊ သားတော်ယေရှု၊ ဥဇာ်အလင်းတော်၏ နာမယ်နန့် ရီနှစ်မင်္ဂလာလုပ်ပီးကတ်ပါ။ ငါ့၏ မိန့်ကြားရေ အမှာစကားတိကို လိုက်နာဖို့ သင်ပီးကတ်ပါ။ ငါက မင်းရို့နန့် တတူတူဟိနီရေလို့ သတိရကတ်ပါ”လို့ မိန့်ကြားခပါရေ။

ကိုယ်တော်ယေရှုက အသက်ပြန်ရင်ပြီးကေ ရက်ပေါင်း (၄၀)ထိ တပည့်တော်တိနန့်တတူတူဟိနီခပါရေ။ သူက တပည့်တော်တိကို ဘုရားသျှင်၏နိဗ္ဗာန်ရှိမြို့တော် အကြောင်းကို သင်ပြပီးခပါရေ။ သူက တစ်ခြားလူတိကိုလည်း ကိုယ်ထင်ပြခပါရေ။ တစ်ခါကလည်း လူပေါင်းငါးရာလောက်ဟိရေ လူအကျိုင်လိုက်ရို့မာ ကိုယ်ထင်ပြခပါရေ။ ယေပြီးကေ ကိုယ်တော်ယေရှုက တပည့်တော်တိကို သံလွင်တောင်ထက်ကို ခေါ်လားခလီရေ။ ကိုယ်တော်ယေရှုက “အဖဘုရားဘားက ကတိတော်ကို မရခင်ထိ ဂျေရုဆလင်မြို့က မလားလီကတ်ကေ့။ သျှင်ယောဟန်က သင်ရို့ကို ရီနန့် ရီနှစ်မင်္ဂလာ လုပ်ပီးခရေ။ ယေကေလည်း သင်ရို့က ကောင်းမကြာ ဘုရားသျှင်၏ ဥဇာ်အလင်းတော်နန့် ရီနှစ်မင်္ဂလာ ခံယူရကတ်လိမ့်မေ” လို့ ကိုယ်တော်ယေရှုက မိန့်မှာခပါရေ။ ယေပြီးကေ ကိုယ်တော်ယေရှု၏တပည့်တော်တိက ကိုယ်တော်ယေရှု နိဗ္ဗာန်ရှိမြို့တော်ကို ပြန်လို့ကြွလားစွာကို ကြည့်နီခကတ်ပါရေ။ ဖြုန်းကနဲ သမ္မာဒေဝါနတ်နှစ်ပါးပေါ်လာဗျာလ် တပည့်တော်တိကို “သင်ရို့ ဇာတွက်နန့် အာကာကို မော်လို့ကြည့်နီကတ်လဲ၊ ယင်းကိုယ်တော်ယေရှုက သင်ရို့ဘားကို အရာပြန်လို့ ကြွလာရေခါ အဂုပိုင်မျိုး သင်ရို့ကို နိဗ္ဗာန်ရှိမြို့တော်ကို ခေါ်လားပါလိမ့်မေ”လို့ ပြောခလီပါရေ။



## ၁၀။ နိဗ္ဗာန်ရှိမြို့တော်၏အသျှင်သခင်ယေရှု ( ဗျာဒိတ်တော်ကျမ်း ၂၁း၉ -၂၂း၂ )

သမ္မာဒေဝါနတ်တစ်ပါးက ယေရှု၏တပည့်တော် ယောသပ်ကို “ကိုယ်တော်ယေရှုက ငါ့ကို ဉာဏ်အလင်းတော်နန့် တောင်အမြင့်ကြီးထက်ကို ခေါ်လာပါရေ။ နိဗ္ဗာန်ရှိမြို့တော်က ဘုရားသျှင်ပီးတော်မူရေ မွန်မြတ်ရေဂျေရုရှလင်မြို့တော်ကို ငါ့ကို ပြခပါရေ။ ယင်းမြို့တော်က တန်ဖိုးမဖြတ်နိုင်ရေ ကျောက်မျက်ရတနာတိ ပိုင် တဖိတ်ဖိတ်တောက်ဗျာလ် ကြင်းလို့ကြိုင်နီရေ ပုံဆောင်ခဲတိနန့် တူပါရေ။ ယင်းမြို့တော်မာ ကောင်းကောင်းမြင့်ရေ နံရံတိနန့် အဝင်ဝ (၁၂)ပေါက်ဟိပါရေ။ ယင်းအဝင်ပေါက်တိကို သမ္မာဒေဝါနတ် (၁၂)ပါးက စောင့်ရှောက်ထားပါရေ။ ယင်းအဝင်ပေါက်တိမာ အစ္စရေးအနွယ်ဝင် (၁၂)ယောက်၏နာမယ်တိကို ရီးထားခပါရေ။ အရှို့ဘက်မာ အဝင်ဝ (၃)ပေါက်၊ အနောက်ဘက်မာ အဝင်ဝ (၃)ပေါက်၊ တောင်ဘက်မာ အဝင်ဝ (၃)ပေါက်၊ မြောက်ဘက်မာ အဝင်ဝ (၃)ပေါက် ဟိပါရေ။ ငါ့ကို စကားပြောခရေ သမ္မာဒေဝါနတ်မာ မြို့တော်ကို တိုင်းထွာဖို့နန့် အဝင်ဝတိ၊ နံရံတိကို တိုင်းထွာဖို့အတွက် ရွှီနန့်လုပ်ထားရေ တိုင်းဖို့ကိရိယာပါ ဟိပါရေ။ မြို့တော်က လေးထောင့် ပုံစံဟိပြီးကေ အလျားနန့်အနံကလည်း တူပါရေ။ ယင်းသမ္မာဒေဝါနတ်က မြို့တော်ကို တိုင်းထွာကြည့်ရေအခါ အလျားက မိုင်းပေါင်း (၁၅၀၀) ဟိပြီးကေ၊ အကျယ်နန့်အမြင့်ကလည်း ယင်းတိုင်းဖြစ်ပါရေ။ မြို့တော်၏လမ်းတိကို ရွှီအတိနန့်လုပ်ထားပနာ ဖန်းသားပိုင် ကြိုင်လို့တောက်နီပါရေ။ မြို့တော်ကို အလင်းရောင် ရဖို့အတွက် နီတိ ၊လတိလည်း အလိုမဟိပါဗျာလ်။ ဘုရားသျှင်၏ဘုန်းတန်ခိုးတော်အလင်းရောင်နန့် သူ့အလိုလိုတိုင်း တောက်ပနီစွာ ဖြစ်ပါရေ။ ယင်းတိုင်းပြည်၏ဘုရင့်က ဘုန်းတန်ခိုးနန့်ပြည့်စုံဗျာလ် တိုင်းသူပြည်သားတိကို ကောင်းကောင်းမွန်မွန် အုပ်ချုပ်လိမ့်မေ (တိုင်းပြည်ကလည်း သာယာပြည့်ဖြိုးလိမ့်မေ။) မြို့တော်မာ ညဖက်လည်း မဟိရေတွက်နန့် အဝင်ဝတိကလည်း တစ်ခါလေ့ ပိတ်ထားစွာ မဟိပါ။ မြို့တော်က ဘုန်းတန်ခိုးတိ၊ ဂုဏ်သတင်းတိနန့် ဖုံးလွှမ်းနီ ပါလိမ့်မေ။ မြို့တော်ထဲကို မသန့်ယှင်းရေအရာတိ ဝင်လို့ရဖို့မဟုတ်ပါ။ မြို့တော်က ဘုရားသျှင်၏အသက်စာအုပ်မာ ရှီးချယ်ထားရေလူတိရာ ဟိနီဖို့ဖြစ်တေအတွက် ငလိမ်တိနန်ရှက်ဖို့ကောင်းစွာကို လုပ်တေလူတိ ဝင်ရဖို့ မဟုတ်ပါ။ ကိုယ်တော်ယေရှုက မျက်ရည်တိ၊ ဒုက္ခဆင်းရဲတိ၊ မကျိုင်းမာစွာတိ အားလုံးကို ပယ်ပစ်ပါလိမ့်မေ။ ယေပြီးကေ မရှိမတွက်နိုင်ရေ လူအကျိုင်လိုက်က “သင်က ကိုယ့်အသက်ကိုယ်ကို စွန့်ပြီးကေ မျိုးနွယ်တိုင်း၊ ဘာသာစကားတိုင်း၊ နိုင်ငံတိုင်းကလူတိကို သင်၏အသွီးနန့် ဘုရားသျှင်ကို ယုံကြည်လူတိ ဖြစ်လာအောင် လုပ်ဆောင်ခလို့ဖြစ်တေ။ သင်ရို့က ဘုရားသျှင်၏သာသနာတော်နန့်ပတ်သတ်တေလူတိ ဖြစ်လာအောင် လုပ်ခကတ်လို့ဖြစ်တေ”လို့ ချီးမွမ်းရေ တေးခြင်းသစ်တိ အသံအကျယ်ကြီးနန့် ဆိုကတ်လီရေ။ သမ္မာဒေဝါနတ်တိကလည်း သလင်းကျောက်ပိုင် ကြိုင်ရေအသက်စမ်းရီကို ငါ့ကို ပြခရေ။ ယင်းရီစွာ ပုလ္လင်တော်က စီးဆင်းလာဗျာလ် မြို့တော်၏လမ်းတိမာလည်း ဆက်လို့စီးဆင်းနီခလီရေ။ သမ္မာဒေဝါနတ်က “လာကတ်ပါ၊ ရီငတ်နီရေလူတိကို လာခိုင်းပါ၊ ဘုရားဝတ်ပြုဆုတောင်းနီရေ လူတိကိုလည်း အသက်စမ်းရီကို ယူခွင့်ပီးလိုက်ပါ”လို့ ပြောခပါရေ။ မြစ်၏တစ်ဘက် တစ်ချက်စီမာ အသက်အပင် (၁၂)မျိုး အသီးနှံတိဟိပါရေ။ တိုင်းသူပြည်သားတိ အနာရောဂါတိ ကင်းဖို့ အပင်က အရွက်တိနန့် အသီးတိကို လစိုင် ဖြစ်ထွန်စီလိမ့်မေ”လို့ ပြောလီရေ။